
mgyoe.com SAMPLE BOOK




# အစိုးရက မိဘလား ပြည်သူက မိဘလား

လူထုစိန်ဝင်း

mgyoe.com

mgyoe.com SAMPLE BOOK

ရှေးခေတ်အခါကတည်းက
အစိုးရနဲ့ အစိုးရဝန်ထမ်းများကို
ပြည်သူ့ဝန်ထမ်း၊
ပြည်သူ့အစေခံ (Public Servant) လို့ ခေါ်ခဲ့ကြတယ်။
ပြည်သူကပေးတဲ့ လစာရိက္ခာကို စားနေကြသူများဖြစ်လို့
ဒီလိုခေါ်တာဟာ လျော်ကန်သင့်မြတ်ပါတယ်။
ပြည်သူဟာ အရှင်သခင်
ပြည်သူဟာ အာဏာပိုင်
ပြည်သူဟာ အဓိက ဆိုတဲ့
ဒီမိုကရေစီရဲ့ အနှစ်သာရနဲ့လည်း
ကိုက်ညီတဲ့ အသုံးအနှုန်းဖြစ်တယ်။

ဌာနဆိုင်ရာ အဖွဲ့အစည်းများကို အာဏာပိုင်အဖွဲ့အစည်းများလို့
သုံးစွဲနေတာလည်း မသင့်တော်တော့ဘူး။
ပြုပြင်ဖို့ကောင်းတာ ကြာပြီ။
ပညတ်သွားရာ ဓာတ်သက်ပါ ဆိုတဲ့
စကားအတိုင်း အသုံးအနှုန်း ဝေါဟာရကြောင့်
လူတွေရဲ့ စိတ်ဓာတ်တွေပါ ပြောင်းသွားတတ်တယ်။
ဒီမိုကရေစီခေတ်မှာ အာဏာပိုင်တာက
ပြည်သူတွေ ဖြစ်တယ်။
ဝန်ထမ်းတွေ မဟုတ်ဘူး။
တိုင်းသူပြည်သားများကို
ရင်ဝယ်သားကဲ့သို့ သနားကြင်နာရမယ် ဆိုတဲ့
အပြောအဆို အသုံးအနှုန်းကိုလည်း
ပျောက်အောင် လုပ်ရပါမယ်။
အစိုးရက မိဘ မဟုတ်ဘူး။
ပြည်သူကသာ မိဘဖြစ်တယ် ဆိုတဲ့
စကားကို နားထဲစွဲအောင် လုပ်ပေးဖို့လည်း
အထူးလိုအပ်ပါတယ်။

အစိုးရက မိဘလား၊ ပြည်သူက မိဘလား - - - မှ

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၅၉

# အစိုးရက မိဘလား
# ပြည်သူက မိဘလား

## လှူထုစိန်ဝင်း

**နှစ်ကာလများ**
အမှတ်-၁၀၄၊ အပေါ်ဆုံးထပ်(က)
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၂၇၆၆၉

mgyoe.com

mgyoe.com SAMPLE BOOK

လူထုစိန်ဝင်း

အစိုးရက မိဘလား၊ ပြည်သူက မိဘလား

ပထမအကြိမ်၊ ဧပြီလ ၂၀၁၁

<u>တန်ဖိုး–၁၀၀၀ ကျပ်</u>

အုပ်ရေ

၅၀၀

ပြန့်ချိရေး

နှစ်ကာလများ စာပေ

၁၀၄–အပေါ်ဆုံးထပ်၊ အောင်ဇေယျလမ်း

အလုံမြို့နယ်၊ ရန်ကုန်မြို့။

e-mail: theeras2001@gmail.com

ထုတ်ဝေသူ– ဒေါ်သင်းသင်းမွန်(သင်းစာပေ) အမှတ်(၁၀)၊ ရတနာမြိုင်လမ်း၊ (၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ အတွင်းနှင့် အဖုံးပုံနှိပ်– ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်၊ ၁၈၄/ဘီ၊ ၃၁ လမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၂၅၀၂၁၁။ မျက်နှာဖုံးခွင့်ပြုချက်အမှတ်–၃၁၀၀၂၇၀၄၁၁။

အတွင်းဖလင်– ပုံရိပ်ရှင်

ကွန်ပျူတာစာစီ– သရဖီ

စာအုပ်ချုပ်–ကိုမြင့်။

မျက်နှာဖုံးဒီဇိုင်း– သည်မော်နိုင်

လူထုစိန်ဝင်း ၈၉၅.၈၄

အစိုးရက မိဘလား၊ ပြည်သူက မိဘလား/လူထုစိန်ဝင်း။ – ရန်ကုန်၊ သင်းစာပေ၊ ၂၀၁၁။

၁၀၀–စာ၊ ၁၃.၁x၂၁.၄ စင်တီ။

(၁) အစိုးရက မိဘလား၊ ပြည်သူက မိဘလား

mgyoe.com

mgyoe.com SAMPLE BOOK

## မာတိကာ

၁။ လူကောင်းကိုသာ ရွေးချယ်ပါ– ၇
၂။ အသိနဲ့ ခံစားမှုကို ဘယ်အရာက ပြဋ္ဌာန်းတာလဲ – ၁၁
၃။ ကျက်သရေရှိတဲ့ လူမိုက်တွေ – ၁၅
၄။ ယဉ်ကျေးမှုချွတ်ခြုံကျခြင်း ရေစီးကြောင်းကြီး – ၁၉
၅။ နှစ်ငါးဆယ်စစ်တမ်း – ၂၄
၆။ မှန်တာရေးလို့ လူမုန်းများတယ်ဆိုတာ – ၂၈
၇။ ပြည်သူ့ဘက်ကရပ်မှ ပြည်သူ့ခေတ်ကို ရောက်မှာပါ – ၃၃
၈။ နိုင်ငံရေးဝတ္ထုများရဲ့ သြဇာအရှိန်အဝါ – ၃၇
၉။ ဂျာနယ်တွေရဲ့ ယနေ့အခြေအနေ – ၄၁
၁၀။ ကြောက်မွေးပါ ဒာဂနာနဲ့ ဆွဲနုတ် – ၄၆
၁၁။ အလိမ်အညာကြော်ငြာတွေမှာ ကြံရာပါမဖြစ်စေနဲ့ – ၅၀
၁၂။ ယဉ်ကျေးမှုနဲ့ ရိုကျိုးမှု – ၅၅
၁၃။ တောင့်ထား – ၅၉
၁၄။ လျှပ်ပေါ်လော်လည်တာ စာမဖတ်လို့ – ၆၃
၁၅။ အတုယူဖွယ် ပုံသကူအလှူ – ၆၇
၁၆။ အစိုးရက မိဘလား၊ ပြည်သူက မိဘလား – ၇၀
၁၇။ ချစ်စရာ ရှေးရိုးစဉ်လာ မြန်မာ့ဓလေ့စရိုက် – ၇၃
၁၈။ အရှုံးကို အနိုင်ဖြစ်အောင်ပြောင်းလို့ ရပါတယ် – ၇၇
၁၉။ တားကြ ဆီးကြ ကာကွယ်ကြ – ၈၂
၂၀။ စတုတ္ထမဏ္ဍိုင်ကိုယ်တိုင် တည့်မတ်ဖို့လိုတယ် – ၈၇
၂၁။ လူ့လောကကြီး ပစ္စက္ခရစ်အရပ် မဖြစ်စေဖို့ – ၉၁

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# လူကောင်းကိုသာ ရွေးချယ်ပါ

လူတော်လူကောင်းဆိုတဲ့ စကားဟာ အင်မတန် အသုံးများတဲ့ မြန်မာစကား ဖြစ်တယ်။ ဒါပေမယ်လို့ အသုံးများသလောက် တွေ့ဖို့ခက်တဲ့ ရှားပါးလူ အမျိုးအစား ဖြစ်တယ်။

**အကျိုးစီးပွားကို အခြေခံ**

လောကကြီးမှာ လူတော်တွေ များပါတယ်။ လူကောင်းတွေလည်း ရှိပါတယ်။ တော်လည်း တော်၊ ကောင်းလည်း ကောင်းတဲ့ လူတော်လူကောင်းကတော့ ရှားတယ်။ တချို့က သိပ်တော် သိပ်ချွန်တယ်။ ဒါပေမယ့် စိတ်ထားမကောင်းဘူး။ စိတ်ထားယုတ်ညံ့သူ သိပ်တော် သိပ်ချွန်လေ ကြောက်စရာကောင်းလေပဲ။ ဉာဏ်နီဉာဏ်နက်တွေ၊ ကောက်ကျစ်စဉ်းလဲမှုတွေ အလွန်များပြီး တစ်ဖက်သားကို နောက်ကျော ဓားနဲ့ ထိုးဖို့အတွက်လောက်ပဲ ချောင်းနေတတ်တယ်။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်သဘောလည်း ရှိတတ်တယ်။ ဒီလူစားမျိုးက မိတ်ဆွေဆိုတာလည်း ထားလေ့ မရှိဘူး။ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ အပေါင်းအဖော်ဆိုတာမျိုးပဲ ရှိတယ်။ အကျိုးရှိနေတုန်းပေါင်းမယ်။ အကျိုးမရှိတော့ဘူးဆိုတာနဲ့ ခွာပစ်လိုက်မယ်ပဲ။ ဘယ်လိုကိစ္စမျိုးမဆို သူတို့က အကျိုးစီးပွားအပေါ်မှာပဲ အခြေခံပြီး စဉ်းစားတယ်။ ပေါင်းသင်းတယ်။ အလုပ် လုပ်တယ်။

**အပြစ်မရှိသူတွေ မထိခိုက်စေချင်**

သိပ်တော် သိပ်ချွန်ပြီး စိတ်ဓာတ်ယုတ်ညံ့သူတွေ မြန်မာ့သမိုင်း ဇာတ်ခုံပေါ်မှာ လက်ညှိုးထိုးပြစရာတွေ အများကြီးရှိပါတယ်။ ဓာတ်ပုံတစ်ပုံ ထောက်ပြလိုက်ရုံ ဒါမှမဟုတ် နာမည်တစ်ခု ရွတ်ပြလိုက်ရုံနဲ့တင် စာလုံးပေါင်း တစ်ထောင်လောက် ရေးပြနေတာထက် ပိုပြီး ကွင်းခနဲ ကွက်ခနဲ ဖြစ်သွားနိုင်ပါတယ်။ ဒါပေမယ့် ဘာအပြစ်မှမရှိတဲ့ သားစဉ်မြေးဆက်များ စိတ်ထိခိုက်စရာ ဖြစ်စေတာ

mgyoe.com

mgyoe.com SAMPLE BOOK
ကြောင့် မရေးလိုပါဘူး။ အပင်ပန်းခံပြီး စာလုံးပေါင်း တစ်ထောင်လောက်နဲ့ သွယ်ကာဝိုက်ကာ ရေးရတာကိုသာ သည်းခံခွင့်လွှတ်စေချင်ပါတယ်။

**သူတော်စင်လို ပုဂ္ဂိုလ်**

တချို့ပုဂ္ဂိုလ်များကျတော့ စိတ်ထား သဘောထား အင်မတန် ဖြူစင် မြင့်မြတ်တယ်။ သူတော်စင်လို့ ခေါ်ရလောက်အောင်ကို ကောင်းတဲ့သူဖြစ်တယ်။ ဒါပေမယ့် သိပ်ချွန် သိပ်ထက်တဲ့ သူမျိုးတော့ မဟုတ်ဘူး။ ဒီပုဂ္ဂိုလ်မျိုးက လုပ်ငန်းတစ်ခုကို ထိပ်ဆုံးရောက်အောင် လုပ်ဆောင်နိုင်စွမ်း မရှိဘူး။ သာမန် ရွက်ကြမ်းရေကျို အဆင့်လောက်သာ လုပ်နိုင်တယ်။ ဒါပေမယ့် စိတ်ချရတာက ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူး။ ဝန်တို မစ္ဆရိယစိတ်မျိုးလည်း မရှိဘူး။ သူ့ခေါင်း ပေါ်နင်းပြီး တက်ချင်သူကိုတောင် မလိုမုန်းထားစိတ် မထားတတ်ဘူး။

**ဆရာတင်ထိုက်၊ ကြည်ညိုထိုက်သူ**

စိတ်သဘောထား ကြီးရင့်မြင့်မြတ်သူဖြစ်တဲ့ အဲဒီပုဂ္ဂိုလ်မျိုးဟာ ငွေကြေး စည်းစိမ်ဥစ္စာ၊ ရာထူးအာဏာ၊ ခြွေရံသင်းပင်း ကျော်စောထင်ရှားခြင်း ဆိုတာမျိုး တွေကိုလည်း တပ်မက်ခြင်း မရှိဘူး။ သူ့အလုပ် သူ့တာဝန် ကျေပွန်အောင် လုပ်ဖို့ဆိုတဲ့ စိတ်တစ်ခုပဲ ရှိတယ်။ ဒါကြောင့် ဒီပုဂ္ဂိုလ်မျိုးဟာ နာမည်မကျော်ဘူး။ ထိပ်ဆုံးရောက်လေ့ မရှိဘူး။ ဒါပေမယ့် အင်မတန် လေးစားကြည်ညိုထိုက်သူ၊ ဆရာတင်ထိုက်သူ၊ တစ်သက်တာ အနီးကပ်ပေါင်းသင်းထိုက်သူ ဖြစ်တယ်။

**တစ်ယောက်ပဲ တွေ့ဖူးတယ်**

မြန်မာ့သမိုင်းဇာတ်ခုံပေါ်မှာ ဒီလိုပုဂ္ဂိုလ်မျိုးတွေလည်း အများကြီး ရှိပါတယ်။ ကျွန်တော်တို့ နယ်ပယ်ဖြစ်တဲ့ စာနယ်ဇင်းလောကမှာလည်း အများကြီး ရှိခဲ့ ပါတယ်။ ဒီလို ပုဂ္ဂိုလ်ကြီးများရဲ့ ဆုံးမသွန်သင်မှုတွေ၊ ရေးခဲ့တဲ့စာတွေကို ကြားနာ ဖတ်ရှု မှတ်သားပြီး ကျွန်တော်တို့ လူဖြစ်လာရတာပါ။ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်ကြီးတွေ ဖြစ်ပါတယ်။ ကျွန်တော်တို့ စာနယ်ဇင်းသမား သက်တမ်း တောင် ငါးဆယ် ရှိခဲ့ပါပြီ။ ဒီသက်တမ်းအတွင်းမှာ ကျွန်တော်တို့ ခေတ်ပြိုင် လုပ်ဖော်ကိုင်ဖက်တွေထဲမှာ တော်လည်းတော်ပြီး ကောင်းလည်းကောင်းတဲ့လူ ဆိုလို့တော့ တစ်ယောက်ပဲ တွေ့ခဲ့ဖူးပါတယ်။

**တစ်သက်မှာ တစ်ယောက်သာ တွေ့**

တချို့ ကံကောင်းသူများ သုံးလေးဦး တွေ့ကောင်း တွေ့နိုင်ပါတယ်။ တစ်သက်လုံး နေလို့မှ လူတော်လူကောင်း ဆိုနိုင်လောက်သူ တစ်ဦးမှ မတွေ့ ခဲ့ရသူတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ တစ်သက်မှာတော့ အတတ်ပညာ
mgyoe.com

mgyoe.com SAMPLE BOOK 

အရေးရော စိတ်နေသဘောထားဆိုင်ရာပါ ကြည်ညိုလေးစားနိုင်သူ၊ တော်လည်း တော်၊ ကောင်းလည်း ကောင်းသူဆိုလို့ တစ်ဦးတည်းပဲ တွေ့ခဲ့ဖူးပါတယ်။ အဲဒီပုဂ္ဂိုလ်က သူ့ကို ချီးပင့်မြှောက်စားလုပ်တာမျိုး မနှစ်မြို့က်တာကြောင့် ဘယ်သူ ဘယ်ဝါဆိုတာကို သူ သက်ရှိထင်ရှား ရှိနေစဉ်မှာတော့ ထုတ်မပြောချင်သေး ပါဘူး။ ကိုယ်က အရင်သေခဲ့ရင်လည်း မပြောနိုင်တော့ဘူးပေါ့။ ဒါပေမယ့် ကိစ္စ မရှိပါဘူး။ လူတစ်ယောက်ရဲ့ သမိုင်းဆိုတာ သူများကရေးပေးတာ မဟုတ် ပါဘူး။ သူ့ဟာသူ ရေးတာပါ။

## လူတော်တွေများ လူကောင်းရှား

တော်လည်း တော်၊ ကောင်းလည်း ကောင်းတဲ့ လူတော်လူကောင်းဆိုတာ အင်မတန် ရှားပါတယ်။ တစ်ခေတ်မှာ တစ်ယောက်တောင် ထွက်ချင်မှ ထွက်နိုင်တာပါ။ အထူးသဖြင့် 'ကြောင်ဖြူတာ မည်းတာက အရေးမကြီးဘူး၊ ကြွက်မိဖို့သာ လိုရင်းပဲ'ဆိုတဲ့ ဘယ်နည်းနဲ့ရရ ပိုက်ဆံရဖို့က အဓိကဆိုတဲ့ ခေတ် ကြီးမှာ လူတော်တွေသာ အထွက်များလာပြီး လူကောင်းက ရှားသထက် ရှားလာတယ်။ ရှားတာက ကမ္ဘာတစ်ခုလုံးမှာကို ရှားတာ။ ဒါကြောင့် တော်လည်း တော်၊ ကောင်းလည်း ကောင်းတဲ့ လူတော် လူကောင်းဆိုတာ မျိုးသုဉ်း ကွယ်ပျောက်မယ့် အန္တရာယ် ရင်ဆိုင်နေရတဲ့အရာ(endangered species) လို့တောင် ပြောရလိမ့်မယ် ထင်မိတယ်။

## မတတ်တာ သင်လို့ရတယ်

လူတော်လူကောင်း ရှားတော့ အလုပ်တစ်ခု လုပ်တဲ့အခါမှာ ဘယ်လိုလူကို ရွေးချယ်သင့်သလဲ။ လူတော်ကို ရွေးရမှာလား၊ လူကောင်းကို ရွေးရမှာလားလို့ မေးတတ်ကြတယ်။ ကိုယ်နဲ့ နီးစပ်ရာ စာနယ်ဇင်းနယ်ပယ်က လာမေးကြသူ တိုင်းကိုတော့ လူကောင်း ရအောင်ရှာပါလို့ချည်း အကြံပေးပါတယ်။ မတော်တာ မတတ်တာက သင်ပေးလို့ရတယ်။ လူကောင်းဖြစ်အောင်က သင်ပေးလို့မရပါဘူး။ စိတ်ဓာတ် အောက်တန်းကျတဲ့ လူတော်တစ်ယောက်ကြောင့် ဂျာနယ် တစ်စောင် လုံး ပျက်စီးသွားနိုင်တယ်။ အဲဒီလူတော်က သိပ်တော်လွန်း၊ ထက်လွန်းတဲ့ လူဖြစ်ရင် တိုင်းပြည်တောင် ပျက်အောင် လုပ်နိုင်တယ်။

## သူလိုလူ ရှိတယ်

တစ်ခါက မေးခွန်းတစ်ခု မေးခံရဖူးတယ်။ မူလတန်းပညာလောက်သာ တတ်တဲ့ သူတော်ကောင်း ရွာဦးဘုရားဂေါပကလူကြီးကို ဖြူစင်လွန်းလို့ဆိုပြီး နိုင်ငံတစ်ခုရဲ့ သမ္မတခန့်လို့ ဖြစ်သလား ဆိုတဲ့မေးခွန်း ဖြစ်တယ်။ ဒါက

mgyoe.com

mgyoe.com SAMPLE BOOK

တမင်သက်သက် ကနဲ့လနဲ့တိုက်တဲ့မေးခွန်း ဖြစ်ပါတယ်။ သူတော်ကောင်းမှန်ရင် ရာထူး အာဏာတွေ မက်သူမဟုတ်တာကြောင့် ခန့်လည်း မလုပ်ပါဘူးလို့ပဲ ဖြေလိုက်တယ်။ ဒါတောင် သေချာရဲ့လားလို့ ထပ်မေးသေးတယ်။ ရှည်ရှည်ဝေးဝေး ပြောမနေတော့ဘူး။ ဆရာမောင်ဝံသရေးတဲ့ 'ရှာမှရှားတဲ့ နိုင်ငံရေးသမား' ဆောင်းပါး ဖတ်ဖူးတယ်မဟုတ်လား။ အမတ်တစ်နေရာရဖို့အတွက် လူသတ်ဖို့ ဝန်မလေးသူတွေ ရှိသလို၊ 'သခင်ဝတင်'လို နိုင်ငံရေးသမားကောင်းမျိုးဟာ အမတ်ဆိုတာမပြောနဲ့ ဝန်ကြီးတွေ၊ သမ္မတတွေတောင် လုပ်ချင်တာမဟုတ်ဘူးလို့ ဆက်ပြောလိုက်ရတယ်။

### ဘုရားဆင်းတု ခိုးရောင်းမယ့်သူမျိုး

သခင်ဝတင်လိုလူမျိုး ရှားပါတယ်။ ဒါပေမယ့် ရှိတယ်။ ရှာရင် တွေ့နိုင်တယ်။ စောစောက ဘုရားဂေါပကခန့်တဲ့ကိစ္စပဲ ပြောဦးမယ်။ ရွာသူရွာသားတွေက ကိုယ့်ရွာသားချင်းဆိုတော့ ဘယ်သူ လူကောင်း၊ ဘယ်သူ လူဆိုး ဆိုတာ သိတယ်။ ရွာဘုရား ဂေါပက လုပ်တာက ရွှေတိဂုံဘုရား ဂေါပကလို နိုင်ငံခြားက သမ္မတတွေ၊ ဝန်ကြီးချုပ်တွေကို ကြိုဆိုဧည့်ခံနေရတာမှ မဟုတ်တာ။ အလှူရငွေ၊ သုံးငွေ စာရင်းလေးလောက် မှတ်သားတတ်ရင် ဖြစ်တာပဲ။ မြို့က အထက်တန်းတွေ ဘာတွေအောင်လာတဲ့ အရက်သမား၊ ဖဲသမား သူကြီးသားကို ဘုရားဂေါပက ခန့်လို့ကတော့ ဘုရားဆင်းတုတော်တောင် ခိုးရောင်းပစ်မှာ သေချာတယ်။ ရွာသားတွေက ဘယ်သူ လူကောင်းလဲဆိုတာ သိပါတယ်။ တန်ရာတန်ရာ ရွေးထားကြတာ ဖြစ်တယ်။

### ကြောက်နေပါပြီ

လူတော် လူကောင်းဆိုတာ ရှားတယ်။ ဒါပေမယ့် လုံးဝ မရှိတာတော့ မဟုတ်ဘူး။ စိတ်ရှည်လက်ရှည် ရှာရင် တွေ့နိုင်တယ်။ ရှာမတွေ့သေးခင် အချိန်မှာတော့ တော်သူနဲ့ ကောင်းသူ ဘယ်သူ့ရွေးရမလဲ ဆိုတဲ့ကိစ္စမျိုး ကြုံတွေ့လာရင် သခင်ဝတင်လို လူကောင်းကိုရွေးဖို့ပဲ အကြံပေးချင်တယ်။ တချို့ကတော့ သိပ်တော်၊ သိပ်ထက်၊ သိပ်ချွန်သူမျိုးကိုမှ သဘောကျချင်ကျလိမ့်မယ်။ ကျွန်တော်ကတော့ လူ့သမိုင်း ဇာတ်ခုံပေါ်မှာ သိပ်တော် သိပ်ထက်တယ်ဆိုတဲ့ မသူတော်တွေ တစ်ယောက်ပြီးတစ်ယောက် ထွက်လာပြီး ဇာတ်ခုံကြီးတစ်ခုလုံး ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်ကြတာတွေ တွေ့ရမြင်ရပါများလွန်းလို့ ကြောက်နေပါပြီ။ လူကောင်းတွေကိုပဲ တွေ့ချင်ပါတော့တယ်။

■

mgyoe.com

mgyoe.com SAMPLE BOOK

# အသိနဲ့ ခံစားမှုကို ဘယ်အရာက ပြဋ္ဌာန်းတာလဲ

လက်ပွန်းတတီးနဲ့ သိပ်ပြီးရင်းနှီးတဲ့ တပည့်မတစ်ယောက် တစ်ရက်မှာ ရောက်လာပြီး ရန်ထောင်ပါတယ်။ ဘတ်စ်ကားသမားတွေ သိပ်ပြီး ရိုင်းစိုင်းတဲ့အကြောင်း စာတွေရေးကြ၊ ကာတွန်းတွေဆွဲကြ လုပ်နေကြတာများနဲ့ ပတ်သက်ပြီး ကိုယ့်ဘက်က ခံရတာတွေချည်းမကြည့်ဘဲ ဘတ်စ်ကားသမားများဘက်က ပြောစရာရှိတာတွေကိုလည်း ပြောခိုင်းပြီး နားထောင်ကြည့်ဖို့လိုတဲ့အကြောင်း 'သူများဖိနပ်ကိုစွပ်ပြီး စဉ်းစားပါ'ဆိုတဲ့ ခေါင်းစဉ်နဲ့ စာရေးခဲ့တာကို မကျေနပ်လို့ပါတဲ့။

**ဘတ်စ်ကားစီးများရဲ့ ဒုက္ခ**

သူ ရန်ထောင်တဲ့ စကားတွေထဲမှာ ဘတ်စ်ကား မစီးဖူးဘဲနဲ့ ဘတ်စ်ကားစီးနေရသူတွေရဲ့ ဒုက္ခကို မသိနိုင်ဘူးဆိုတဲ့ စကားတစ်ခွန်း ပါပါတယ်။ ပြီးတော့မှ နေ့စဉ်နဲ့အမျှ ကြုံတွေ့နေရတဲ့ ဘတ်စ်ကားစီးသူများရဲ့ အစော်ကားခံရမှုမျိုးစုံကို အကျယ်တဝင့် ရှင်းပြပါတယ်။ စပယ်ယာတွေက ရိုင်းရိုင်းပျပျ စော်ကားတယ်ဆိုတာတွေကတော့ ကြားဖူးပေါင်းများလို့ မဆန်းတော့ပါဘူး။ ဆန်းတာတစ်ခုပဲ ပြောပြပါမယ်။ သတင်းစာဆရာကြီး ဂျာနယ်ကျော်ဦးချစ်မောင်က ခါးပိုက်နှိုက်နေတာကို သိသိကြီးနဲ့ ခါးပိုက်နှိုက် ရက်သွားမှာစိုးလို့ ဘာမှမပြောဘဲ ငြိမ်ငြိမ်ကလေး အနှိုက်ခံလိုက်တဲ့အကြောင်းကို စာရေးဆရာတွေက စာဖွဲ့ကြတယ်။ ဦးချစ်မောင်လိုလူ ရှားတဲ့အကြောင်း အမွှမ်းတင်ကြတယ်။

**ဂျာနယ်ကျော်တွေ အများကြီး**

ဂျာနယ်ကျော် ဦးချစ်မောင်ခေတ်က သူလိုလူမျိုး ရှားပေမယ့် ဒီခေတ်မှာတော့ သူလိုလူမျိုးတွေ ပေါများလှပါတယ်။ ဒီအကြောင်းတွေတော့ ဘယ်သူကမှ ရေးဖော်မရကြဘူးလို့လည်း ပြောပါတယ်။ ကားထဲမှာ လူတွေပြွတ်သိပ်ညပ်နေတဲ့ကြားက ခါးပိုက်နှိုက်က ကိုယ့်အိတ်ခွဲနေတာကို သိလည်း သိသိနဲ့ ငြိမ်နေ

mgyoe.com

mgyoe.com

SAMPLE BOOK

လိုက်ရတယ်။ ဘာလိတ်စားနဲ့ ပါးကို ခြစ်သွားမှာစိုးလို့ မပြောရဲဘူး။ အဲဒါထက် ပိုဆိုးတာ ရှိသေးတယ်။ ငါးသေတ္တာထဲက ငါးတွေလို တစ်ယောက်နဲ့တစ်ယောက် ထပ်ညပ်နေရချိန်မှာ ကိုယ့်ဘေးမှာကပ်နေတဲ့ ကောင်လေးနဲ့ ကောင်မလေးစုံတွဲက ဘေးလူတွေကို ရှိတယ်တောင် သဘောမထားဘဲ တစ်ယောက်ခါး တစ်ယောက် ဖက်ရင်းက ပါးချင်းအပ်နေကြတာတွေကို အောင့်အည်းသည်းခံ နေရတာပါပဲတဲ့။

**နားသယ်ကို တူနဲ့ နှက်သလို**

အဲဒီလို အချိန်မှာ မျက်စိရှက်လို့ ရှောင်ထွက်ချင်လို့လည်း ထွက်လို့မရတဲ့ မိန်းမတစ်ယောက်ရဲ့ ဒုက္ခကို ဆရာ စဉ်းစားတောင်ကြည့်ဖူးမှာ မဟုတ်ပါဘူးလို့ သူက စကားကို နိဂုံးချုပ်လိုက်ပါတယ်။ သူပြောတာတွေကတော့ အများကြီးပါပဲ။ ဒါပေမယ့် ဘတ်စ်ကားမစီးဖူးဘဲနဲ့ ဘတ်စ်ကားစီးသူတွေရဲ့ ဒုက္ခကို မသိနိုင်ပါဘူး ဆိုတဲ့ စကားတစ်ခွန်းက ခေါင်းထဲမှာ ပဲ့တင်ထပ်ပြီး စွဲကျန်ရစ်တယ်။ တကယ့် အမှန်တရားကို သူက တည့်တည့်ကြီး ပြောထည့်လိုက်တာကိုး။ သူ့စကားက နားသယ်ကို တူနဲ့နှက်သလို ဒိုင်းခနဲ ဒိုင်းခနဲ ဆောင့်ဝင်သွားတယ်။ အခံရ ခက်ပေမယ့် ဘာမှပြန်မချေပနိုင်ဘူး။ အမှန်တရားဆိုတာ ခါးသီးလှပါတယ်။

**ကိုယ်မခံရတော့ ခွင့်လွှတ်နိုင်တယ်**

ဒုက္ခိတဘဝနဲ့ အိမ်ထဲကအိမ်ပြင် မထွက်နိုင်တဲ့ အချိန်ကတည်းက ဘတ်စ်ကား မစီးခဲ့ဖူးတာ ဆိုတော့ကာ ဘာလိုလိုနဲ့ နှစ်ပေါင်း သုံးဆယ်တိတိ ရှိခဲ့ပြီ။ ဘယ်ကမှာလဲ ထောင်ထဲ၊ ကျွန်းထဲနေခဲ့တဲ့ ကာလတွေနဲ့ပါဆိုရင် လေးဆယ့် သုံးနှစ်တောင်ရှိပြီပေါ့။ အဲဒီမတိုင်ခင်ကလည်း အိမ်နဲ့ အလုပ်က တစ်နေရာတည်း ဖြစ်နေတော့ ဘတ်စ်ကားစီးဖို့ မလိုဘူး။ ဒါကြောင့် ဘတ်စ်ကားအကြောင်း ဘာမှ မသိဘူး ဆိုတဲ့ တပည့်မရဲ့စကားက မှန်ပါတယ်။ ဒုက္ခ မခံဖူးသူကတော့ လွယ်လွယ်ကူကူ ခွင့်လွှတ်နိုင်မှာပေါ့။ ကိုယ်ခံရတာမှ မဟုတ်ဘဲကိုး။ ခံရသူက တော့ ဘယ်မေ့နိုင်မှာလဲ။

**နာဇီမုဆိုးများ**

ဒုတိယကမ္ဘာစစ်ကြီး ပြီးသွားတော့ နာဇီအသေခံစခန်းတွေကနေ အသက် ရှင်လျက် ပြန်လွတ်လာသူတွေရှိတယ်။ အဲဒီထဲက တချို့က အဖမ်းမခံရဘဲ လွတ်မြောက်သွားတဲ့ နာဇီစစ်တရားခံတွေကို မရမက လိုက်လံရှာဖွေပြီး စစ်ခုံရုံး တင်နိုင်အောင် ကြိုးပမ်းခဲ့ကြတယ်။ သူတို့ရဲ့ကျေးဇူးကြောင့် 'အိုက်ခမန်း'လို ထိပ်သီးလူသတ်သမား စစ်ရာဇဝတ်ကောင်တွေကို ဖမ်းဆီးအပြစ်ပေးနိုင်ခဲ့ကြ တယ်။ စစ်ကြီးပြီးတာ နှစ်ပေါင်းခြောက်ဆယ်ကျော်တဲ့အထိ နာဇီမုဆိုးတွေဟာ

mgyoe.com

mgyoe.com SAMPLE BOOK 

သွေးအေး မသွားခဲ့ဘူး။ နာဇီအိုကြီးတွေကို လိုက်လံရှာဖွေဖော်ထုတ်နေကြဆဲ ဖြစ်တယ်။ မိသားစုတစ်ခုလုံး ဘိုးဘွားမိဘတွေကအစ သားငယ်၊ သမီးငယ်တွေပါ မကျန်ရစ်အောင် အသတ်ခံခဲ့ကြရသူတွေဟာ ဘယ်လိုလုပ်ပြီး သွေးအေးသွားနိုင်မှာလဲ။

**မခံရသူ သဘောထား ကြီးနိုင်**

ဒီလူတွေကိုသွားပြီး နာဇီတွေကို မမုန်းပါနဲ့၊ ရန်သူလိုသဘောမထားပါနဲ့လို့ ပြောရင် ရက်စက်ရာမကျဘူးလား။ သူ့သွေးသားရင်းချာတွေ တစ်ယောက်ပြီး တစ်ယောက် ဇွတ်အတင်း ဆွဲခေါ်သွားတာကို မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရပြီး သူကိုယ်တိုင်တောင်မှ သေလုသေခင်အဖြစ်က သီသီကလေး လွတ်ခဲ့ရတာ။ သူလို မခံစားခဲ့ရသူအဖို့တော့ သဘောထားကြီး ခွင့်လွှတ်ရတာ လွယ်မှာဖြစ်ပေမယ့် ခံရသူအဖို့တော့ လွယ်မှာမဟုတ်ဘူး။ အဲဒီတော့ သူ အမုန်းကြီးပြီး အငြိုး မပြေနိုင်တာကို အပြစ်မတင်သင့်ပေဘူး။

**အသိကို ဘာက ပြဋ္ဌာန်းသလဲ**

ကျောင်းသူဟောင်း ပြန်သွားပေမယ့် ဒီအကြောင်း အတွေးမပြတ်ဘဲ ကျန်ရစ်တယ်။ လူ့အသိဉာဏ်တို့၊ ခံစားမှုတို့၊ ယုံကြည်မှုတို့ဆိုတာတွေကို ဘယ်အရာက ပြဋ္ဌာန်းသလဲ ဆိုတဲ့အကြောင်းကို စဉ်းစားနေမိတယ်။ မွေးရာပါဗီဇတို့၊ ပါရမီတို့က ပြဋ္ဌာန်းလိုက်တာလား၊ မိုးပေါ်က ကျလာတာလား။ ဘတ်စ်ကားမစီးဖူးဘဲ ဘတ်စ်ကားစီးသူတွေရဲ့ ဒုက္ခကို မသိနိုင်ဘူးဆိုတဲ့ တပည့်မရဲ့စကားဟာ မှန်သောစကားပဲ။ ဒီဒုက္ခကို မခံဖူးတဲ့သူက သဘောထားကြီးနိုင်၊ အလွယ်တကူ ခွင့်လွှတ်နိုင်မှာ ဖြစ်ပေမယ့် နေ့စဉ်နဲ့အမျှ တစ်နေ့ကိုနှစ်ကြိမ်နဲ့ နှစ်ပေါင်းများစွာ အဲဒီဒုက္ခတွေကို ခံလာခဲ့ရသူအဖို့တော့ အလွယ်တကူ ခွင့်လွှတ်နိုင်ဖို့ဆိုတာ မလွယ်လှပါဘူး။ ဒါကို အမြင်ကျဉ်းတယ်၊ တစ်ဖက်သတ် ကြည့်တယ်၊ မေတ္တာစိတ် ခေါင်းပါးတယ်လို့ အပြစ်ပြောရင် ပြောတဲ့သူလွန်တာပဲ ဖြစ်လိမ့်မယ်။

**မြို့သားက မြွေကိုချစ်ပေမယ့်**

တကယ်တော့ လူ့အသိဉာဏ်တို့၊ ခံစားမှုတို့၊ ယုံကြည်မှုတို့ ဆိုတဲ့အရာအားလုံးကို အဲဒီလို ကျင်လည်နေတဲ့ ဘဝနဲ့ပတ်ဝန်းကျင်က ပြဋ္ဌာန်းပေးလိုက်တာပဲ။ ဘယ်တန်ခိုးရှင်ကမှ ဖန်ဆင်း ပေးလိုက်တာ မဟုတ်ကြပါဘူး။ နီယွန်မီးရောင်အောက်က ကွန်ကရစ် လမ်းမကြီးတွေပေါ်မှာ လမ်းလျှောက်နေတဲ့ မြို့ကြီးသားက မြွေကို မကြောက်ဘူး။ ရန်သူလို့ သဘောမထားဘူး၊ အလှမွေး မြွေလေးတွေကိုတောင် ဝယ်ပြီး အိမ်မှာ မွေးချင်မွေးထားဦးမယ်။ ဒါပေမယ့်

mgyoe.com

mgyoe.com SAMPLE BOOK

တောကလယ်ကွင်းတွေထဲ အချိန်မတော်၊ အချိန်တော် အလုပ်လုပ်နေရတဲ့ လယ်သမားတွေကတော့ မြွေဟာ ကြောက်စရာအကောင်းဆုံး ရန်သူပဲ။ တွေ့တာနဲ့ ရိုက်သတ်မှာပဲ။ သူက ဦးအောင် ရိုက်မထားရင် မြွေက သူ့ကို တစ်ချိန်ချိန်မှာ အသေကိုက်မှာ မဟုတ်လား။

**တောသားက မြွေကြောက်တယ်**

မြို့သား မြွေချစ်တာ အပြစ်မပြောပါဘူး။ သူက မြွေကိုက်မခံရဖူးသလို သူ့ဆွေမျိုးတွေထဲမှာလည်း မြွေကိုက်လို့ သေတာ တစ်ယောက်မှမရှိတာပဲ။ တောက လယ်သမား မြွေကို ရွံကြောက်ကြီးဖြစ်ပြီး အကြီးဆုံးရန်သူလို့ သဘောထားတာ၊ တွေ့တာနဲ့ ဦးအောင်သတ်တာကိုလည်း မြို့သားက အပြစ်မတင်ဘဲ နေတတ်ဖို့ လိုပါတယ်။ အသိနဲ့ ခံစားမှုဆိုတာ လက်တွေ့ဘဝက ပြဋ္ဌာန်းပေးလိုက်တာပါ။ ဂေဟာစနစ် ထိန်းသိမ်းရေးသမားတွေက မြွေတွေဟာ ကြွက်တွေ နှိမ်နင်းပေးနေတာဖြစ်လို့ လယ်သမားရဲ့မိတ်ဆွေပါလို့ ပြောနေပေမယ့် လက်တွေ့ အားဖြင့်တော့ လယ်သမားက သူ့ဘဝပေး အသိနဲ့ မြွေကို ရန်သူအဖြစ်ပဲ သဘောထားနေမှာ ဖြစ်ပါတယ်။

**အိမ်ပြန်ရောက်တိုင်း မှန်ပြေးကြည့်ရ**

ဘတ်(စ်)ကား ဒုက္ခမခံဖူးတဲ့ ဆရာဖြစ်သူက ဘတ်(စ်)ကားဆရာတွေကို နားလည်ပေးဖို့၊ စာနာစိတ်နဲ့ သည်းခံဖို့ စာတွေရေးပြီး လူကြီးလူကောင်း ပီသပြနေပေမယ့်၊ နေ့စဉ်နဲ့အမျှ ကိုယ့်ကိုယ်ကိုယ် လူမှဟုတ်သေးရဲ့လားလို့ အိမ်ပြန်ရောက်တိုင်း မှန်ပြေးကြည့်ရတဲ့အထိ အစော်ကားခံနေရတဲ့ တပည့်မ ကတော့ လူကြီးလူကောင်းမဆန်နိုင်ဘူး ဆရာရေလို့ ဘွင်းဘွင်းရှင်းရှင်းပဲ ပြောလိုက်တယ်။ အဲဒါသူ့ကို အပြစ်တင်လို့ ရမလား။ မြွေကို ကြောက်စရာ အကောင်းဆုံး ရန်သူအဖြစ် သဘောထားတဲ့ တောက လယ်သမားကိုရော အပြစ်တင်လို့ ရမလား။ အသိကို ဘဝက ဖန်တီးပေးတာပဲလေ။

■

mgyoe.com

mgyoe.com SAMPLE BOOK

# ကျက်သရေရှိတဲ့ လူမိုက်တွေ

ကိုယ်တိုင် အသက် ၇၀ တန်း လူကြီးတစ်ယောက် ဖြစ်လာတဲ့အခါမှာ သတိထားမိတာ တစ်ခုက လူကြီး နှစ်မျိုးနှစ်စား ရှိတယ်ဆိုတဲ့အချက် ဖြစ်တယ်။ တစ်မျိုးက အသက်ကြီးလာတာနဲ့အမျှ တစ်နေ့တခြား ပိုပိုပြီး ယဉ်ကျေးလိမ္မာလာတဲ့ လူကြီး ဖြစ်တယ်။

**အတွေ့အကြုံက သင်ခန်းစာယူတတ်**

နောက်တစ်မျိုးကတော့ အသက်ကြီးလေ တစ်နေ့တခြား ပိုပိုပြီး မိုက်လာတဲ့ ကြီးမိုက်လူကြီး ဖြစ်တယ်။ ပထမအမျိုးအစား လူကြီးက အတွေ့အကြုံတွေထဲက သင်ခန်းစာထုတ်ယူတတ်တဲ့အတွက် အမြင်မတော်တိုင်း ဝင်မပြောတော့ဘူး။ သဘောမကျတိုင်း ဝင်မပါတော့ဘူး။ 'သတ္တဝါတစ်ခု ကံတစ်ခုပဲ'လို့ သဘောထားပြီး ဥပေက္ခာတရား လက်ကိုင်ထားတတ်တယ်။ ရေငုံနှုတ်ပိတ် ခပ်မဆိတ်နေတတ်တယ်။ စိတ်ထဲမှာ ယားကျိယားကျိ ဖြစ်လာရင်တောင် ဝင်ပြီးမပြောမိ၊ မဆိုမိအောင်၊ ကိုယ်တိုင် ဝင်မပါမိအောင် ပုတီးစိပ်လို့ဖြစ်စေ၊ တရားသဘောဆင်ခြင်နှလုံးသွင်းလို့ ဖြစ်စေ ကံသုံးပါးကို ချွန်းအုပ်ပြီး ထိန်းချုပ်ထားတတ်တယ်။

**ကံသုံးပါးလုံး မထိန်းချုပ်တတ်**

ဒုတိယအမျိုးအစားကတော့ လောကဓံရဲ့ အထုအထောင်း၊ အရိုက်အပုတ်တွေ ဘယ်လောက်ပဲ ခံခဲ့ရ ခံခဲ့ရ သင်ခန်းစာ ထုတ်မယူတတ်ဘူး။ နောင်တလည်း မရဘူး။ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးစလုံးကို ချွန်းအုပ် မထားနိုင်ဘူး။ အမြင်မတော်တာတွေ့ရင် ဝင်ပြောလိုက်တယ်။ မသင့်တော်ဘူးထင်ရင် ဝင်စွက်လိုက်တယ်။ မတရားဘူးထင်ရင် ဝင်တားလိုက်တယ်။ လူတကာရဲ့ အပူကို ကိုယ့်အပူလုပ်ပြီး ကိုယ့်ကိုယ်ကိုယ် လောင်မြိုက်နေစေတယ်။ ကိုယ်၏ ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ဘဝ၏ ငြိမ်းချမ်းခြင်း ဆိုတာကို ဘယ်တော့မှ မခံစားရပါဘူး။ ဒီလိုလူမျိုးကိုမှ လူမိုက်မခေါ်ရင် ဘယ်သူ့ကို လူမိုက်ခေါ်ရတော့မှာလဲ။

mgyoe.com

mgyoe.com SAMPLE BOOK

**လူလိမ္မာတွေကများ**

ဝမ်းသာရမှာလား၊ ဝမ်းနည်းရမှာလားဆိုတာ သေသေချာချာ ရေရေရာရာ တော့ မပြောတတ်ဘူး။ လူ့လောကကြီးတစ်ခုလုံးမှာ လူလိမ္မာတွေက လူမိုက် တွေထက် ပိုများတာကို တွေ့ရတယ်။ နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ ဥပေက္ခာတရား လက်ကိုင်ထားသူတွေ များကြတယ်။ အမြင်မတော်တာ တွေ့လည်း ငါနဲ့ ဘာဆိုင်တာမှတ်လို့ဆိုပြီး မျက်နှာလွှဲနေလိုက်ကြတယ်။ မတော်မတရားတာတွေ မြင်နေရလည်း ကိုယ့်မထိသရွေ့တော့ ဘာဖြစ်လို့ ကြားကနေ အမုန်းခံရမှာလဲ ဆိုပြီး ခပ်ကင်းကင်း နေလိုက်တယ်။ ကိုယ့်ကို လက်တွေ့ထိလာတော့မှ နာရ ကောင်းမှန်းသိပြီး အော်ကြ ဟစ်ကြ လေတော့တယ်။

**အခါနှောင်းခဲ့ပြီ**

မနှစ်က အမေရိကန်နိုင်ငံ အနှံ့အပြား မြို့ကြီးပေါင်း လေးငါးဆယ်မှာ လူတွေ သိန်းချီပါဝင်တဲ့ စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေ ဖြစ်ခဲ့တာကို မှတ်မိကြမှာပါ။ အဲဒါ ကိုယ့်ထိမှ နာရကောင်းမှန်းသိကြတဲ့ အထင်ရှားဆုံး သာဓက ဖြစ်တယ်။ အီရတ်နဲ့ အာဖဂန်စစ်ပွဲမှာ ကိုယ့်သားတွေ၊ ကိုယ့်ခင်ပွန်းတွေ အသက်ဆုံးရှုံး သွားကြရတဲ့ မိဘတွေနဲ့ ဇနီးသည်တွေက ဦးဆောင်ဆင်နွှဲရာက လူတွေသိန်းချီပြီး ပါဝင်ဆင်နွှဲလာကြတာ ဖြစ်တယ်။ အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီလို့ ပြောရတော့မှာပါ။ သေပြီးသူတွေ ပြန်မရှင်နိုင်တော့ပါဘူး။

**ဘဝပေး အသိ**

အစကတည်းက တားဆီးကန့်ကွက်ခဲ့ကြမယ်ဆိုရင် လူတွေ သိန်းနဲ့ချီပြီး သေခဲ့ကြမှာ မဟုတ်ပါဘူး။ အစကတော့ အကြမ်းဖက်သမား နှိမ်နင်းရေးတို့၊ လူ့အခွင့်အရေးတို့ဆိုတဲ့ စကားတွေကို နားယောင်ပြီး စစ်ပွဲကြီးတွေကို ထိထိ ရောက်ရောက် မတားခဲ့ကြဘူး မဟုတ်လား။ ကျောင်းတက်နေဆဲ ကိုယ့်သားတွေ စစ်မှုထမ်းဆင့်ခေါ်ခံရပြီး နိုင်ငံရပ်ခြားမှာ သေသွားကြရတော့မှ စစ်ကို ဆန့်ကျင် ရကောင်းမှန်း သဘောပေါက်သွားကြရတာကိုး။ ဘဝပေးအသိ တစ်ခုပါပဲ။ အဖိုးတန်အသိဖြစ်ပေမယ့် ပေးလိုက်ရတဲ့တန်ဖိုးက ကြီးလွန်းလှပါတယ်။

**ဆင်ခြင်တုံသိ**

အသိဆိုတာ လက်တွေ့ဘဝက ပေါ်ထွက်လာတာမှန်ပေမယ့် အခုလို တန်ဖိုးကြီးကြီး ပေးလိုက်ရတာမျိုးတော့ မဖြစ်သင့်ဘူး။ ရှေ့နောက်မြော်မြင် စဉ်းစားတဲ့ ဆင်ခြင်တုံတရားနဲ့လည်း အတန်အသင့် သိနိုင်ပါတယ်။

ဘဝပေးအသိလောက် လေးနက်ခိုင်မာမှု မရှိပေမယ့် ဘဝပေးအသိက

mgyoe.com

mgyoe.com SAMPLE BOOK


တန်ဖိုးကြီးလွန်းပါတယ်။ ဆင်ခြင်တုံသိနဲ့ သိနိုင်တာမျိုးဆိုရင် ဘဝမပေးဘဲ ရယူသင့်ပါတယ်။ အီရတ်နဲ့ အာဖဂန်ကို ကျူးကျော်တိုက်ခိုက်ရင် ဘာတွေ ဖြစ်လာနိုင်တယ်ဆိုတာ ဆင်ခြင်တုံသိနဲ့ အလွယ်တကူ သိနိုင်တယ်။ ဗီယက်နမ်စစ်က အကောင်းဆုံး သက်သေ မဟုတ်ဘူးလား။

**ဉာဏ်ရှိရင် တောင်ပို့မှန်း သိတယ်**

'ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်'ဆိုတဲ့ စကားက ဆင်ခြင်တုံတရားကင်းမဲ့တဲ့ လူမိုက်တွေကို ရည်ရွယ်တဲ့ စကားဖြစ်တယ်။ အသိဉာဏ်ရှိသူမှန်ရင် တောင်ပို့ကြီးကိုမြင်တာနဲ့ တောင်ပို့မှန်းသိတယ်။ ဖွတ်ကြီးထွက်ပြစရာ မလိုဘူး။ ဘုရားက ဘုရား၊ တောင်ပို့က တောင်ပို့ သိသာပါတယ်။ မှားစရာ ဘာအကြောင်းမှ မရှိပါဘူး။ အရေးကြီးတာက ဘယ်နေရာ ဘယ်ကိစ္စဖြစ်ဖြစ် ဆင်ခြင်တုံတရားနဲ့ အသိဉာဏ်ကို အသုံးချတတ်ဖို့သာဖြစ်တယ်။

**လူလိမ္မာတွေ များလွန်းရင် မကောင်းဘူး**

မဆိုင်ရင် ဝင်မပြောဘူး၊ ဝင်မစွက်ဘူး၊ ဝင်မပါဘူးလို့နေရင်းနဲ့ ကိုယ်နဲ့ တိုက်ရိုက်ဆိုင်လာတဲ့အခါကျတော့ အများကြီး နောက်ကျသွားလို့ နောင်တရခဲ့ရင်လည်း ဘာမှ မတတ်နိုင်တော့ပါဘူး။ အဲဒါကြောင့် လောကကြီးမှာ လူလိမ္မာတွေ သိပ်များလွန်းနေရင်လည်း မကောင်းပါဘူး။ မသူတော်တွေ ကြီးစိုးနိုင်ပါတယ်။ မကောင်းတာ၊ မမှန်တာ၊ မတရားတာတွေကိုတွေ့ရင် အမှန်းခံပြီး ပြောဖို့ လိုပါတယ်။ လောကကြီးလှစေချင်သူ မှန်သမျှ ပြောကိုပြောရပါမယ်။

**အနာခံဖို့ချည်းပဲ**

စာနယ်ဇင်းသမားဆိုတာ မှန်တာပြောရရင် မိုက်လို့လုပ်နေကြသူတွေ များတယ်။ လူလိမ္မာ နည်းတယ်၊ မြန်မာနိုင်ငံမှာ ချမ်းသာတဲ့ သတင်းသမား ဘယ်ခေတ်ကမှ မရှိပါဘူး။ အများအားဖြင့် ရရစားစားပါပဲ။ အင်္ဂလိပ်နယ်ချဲ့ခေတ်မှာ လူမိုက်ဌားပြီး ဓားထိုးခံရလို့ သေခဲ့ရတဲ့ ဆရာသင်လို အယ်ဒီတာမျိုး ရှိသလို အသရေပျက်မှုနဲ့ တရားစွဲခံရသူ၊ အစိုးရကို အကြည်ညိုပျက်စေမှုနဲ့ တရားစွဲခံရသူတွေ ရှိပါတယ်။ လွတ်လပ်ရေးရပြီးတဲ့ နောက်ပိုင်းခေတ်တွေမှာလည်း ထောင်ကျသူ၊ ကျွန်းရောက်သူ၊ နရသိန်စံတွေ မနည်းလှပါဘူး။ အသာစံဖို့အကြောင်း လုံးလုံးမရှိဘဲ အနာခံဖို့ချည်း နေရမှာကို သိသိကြီးနဲ့ လုပ်နေကြသူတွေ ဖြစ်လို့ မိုက်လို့လုပ်တဲ့ လူမိုက်တွေလို့ ပြောတာပါ။

**နိုင်ငံ ကျက်သရေတိုးစေဖို့**

ဒီလို လူမိုက်တွေဟာ လူမိုက်ဖြစ်ပေမယ့် ကျက်သရေရှိတဲ့ လူမိုက်မျိုး ဖြစ်ပါ

mgyoe.com

mgyoe.com

SAMPLE BOOK

တယ်။ တိုင်းပြည်နိုင်ငံကို ကျက်သရေရှိအောင် အနာခံ၊ အမုန်းခံပြီး လုပ်နေကြသူတွေ ဖြစ်တယ်။ အမြင်မတော်တာ၊ အကြားမလျော်တာ မှန်သမျှကို သတိတရားရပြီး ပြုပြင်နိုင်ကြအောင် ထောက်ပြနေကြတာ ဖြစ်တယ်။ ရှေးအခါက ဆိုရင် ရှင်ဘုရင်များဟာ တိုင်းပြည်ရဲ့ အခြေအနေမှန်၊ နိုင်ငံသူ နိုင်ငံသားတွေရဲ့ ဘဝအမှန်ကို သိရဖို့အတွက် စွန့်စွန့်စားစားနဲ့ ရုပ်ဖျက်ပြီး စနည်းနာ ထွက်ကြရတယ်။ အခုခေတ်တော့ သတင်းမီဒီယာများရဲ့ ကျေးဇူးကြောင့် တိုင်းပြည်တစ်ပြည်လုံးရဲ့ အခြေအနေမှန်တွေကို ထိုင်ရာမထ သိနိုင်ကြတဲ့အတွက် လုပ်သင့်လုပ်ထိုက်တာတွေကို ချက်ချင်းလက်ငင်း လုပ်နိုင်လာခဲ့တယ်။ သတင်းမီဒီယာတွေဟာ တိုင်းပြည်လက်ရုံး ဖြစ်တယ်။ အင်မတန် အားကိုးရပါတယ်။

**ရေကင်းသံလေးနဲ့ ချီတက်စေ**

ကိုယ်တိုင်က အသက် ၇၀ ရောက်တဲ့အထိ မိုက်လက်စ မဆုံးသေးဘဲ အမြင်မတော်တာတွေ့တိုင်း ဝင်ဝင်ပြောမိ ရေးမိ ဖြစ်နေသေးတယ်။ မေတ္တာထားကြသူအပေါင်းက စေတနာအရင်းခံနဲ့ သတိပေးကြပေမယ့် အေးအေးလူလူ မနေနိုင်ဘူး။ အဲဒါကြောင့် ပြည်သူ့ခေတ် အယ်ဒီတာများက ဆိုင်းသံဗုံသံကြားရင် မနေနိုင်ဘူး။ စိတ်ထဲမှာ ရိုးတိုးရွတာဖြစ်ပြီး ခြေလှုပ်လက်လှုပ်ကလေး ဝင်လုပ်ချင်သေးတယ် ဆိုတာကို သဘောပေါက် နားလည်နိုင်တယ်။ ကိုယ်က ဒုက္ခိတဖြစ်နေလို့ ခြေလှုပ်လက်လှုပ် မလုပ်နိုင်ပေမယ့် မေးထိုးကလေးနဲ့တော့ အားပေးနိုင်ပါသေးတယ်။ အဲဒါကြောင့် 'ရွာစား စိန်ဝံသရေ ...၊ မတိမ်းမစောင်းရအောင် (မဟုတ်သေးပါဘူး) ရေကင်းသံလေးနဲ့ ချီတက်ကြစေဗျား'

■

mgyoe.com

mgyoe.com SAMPLE BOOK

# ယဉ်ကျေးမှုချုတ်ခြုံကျခြင်း ရေစီးကြောင်းကြီး

ဈေးကြီး တစ်ဈေးမှာ အမျိုးသမီးအဝတ်အစား အသုံးအဆောင်မျိုးစုံ ရောင်းချတဲ့ ကျောင်းသူဟောင်း တစ်ယောက်၊ တနင်္ဂနွေတစ်ရက် ရောက်လာပြီး ခေတ်မိန်းကလေးများ ဝတ်စားဆင်ယင်မှု တစ်နေ့တခြား လွန်ကဲလာပုံ အကြောင်းများကို ရေးပါဦးလို့ ဆိုပါတယ်။

**အမေတွေကို ထောင်းချင်တယ်**

အမျိုးသမီးသုံး ပစ္စည်းတွေချည်း သီးသန့်ရောင်းတာဆိုတော့ ဆယ်ကျော်သက် အရွယ်လေးတွေက အစ လေးဆယ်ကျော်၊ ငါးဆယ်ကျော်တွေအထိ အရွယ်မျိုးစုံ အမျိုးသမီးများနဲ့ နေ့စဉ်ထိတွေ့ ဆက်ဆံနေရသူဖြစ်တာကြောင့် အမြင်မတော်တာမျိုးတွေကို သူများတွေထက် ပိုပြီး မြင်တွေ့နေရလို့ ပြောရတာပါလို့လည်း သူက ပြောပါတယ်။ 'ဆရာ့ကို ပြောမကောင်းတာတွေ တစ်ပုံကြီးပါပဲ။ ကျွန်မကတော့ အမေတွေကိုပဲ ဖိထောင်းချင်တော့တယ် ဆရာရယ်' လို့လည်း ဒေါမနဿစိတ်တွေ ပွင့်အန်ထွက်လာပါတယ်။

**မသင့်တော်တာ ပြောမိလို့**

'ကန်တော့နော်၊ ကန်တော့'လို့ သူ စကားခံပြီး ပြောတာတွေထဲက နှစ်ခုလောက်ပဲ နမူနာထုတ်ပြပါမယ်။ တစ်ခုကတော့ ၁၂ နှစ်အရွယ်၊ ၁၃နှစ်အရွယ် ကလေးတွေ ဘရာစီယာ လာဝယ်ကြတဲ့အခါမှာ သူက ဘရာစီယာ မဝတ်သင့်သေးဘူး၊ ချပ်ချပ်ရပ်ရပ်ရှိတဲ့ ချွေးခံလို၊ ရှင်မီးလို အင်္ကျီမျိုးသာ ဝတ်သင့်သေးတယ်လို့ ပြောမိတဲ့အကြောင်း၊ အဲဒီအခါမှာ ကလေးတွေက မျက်စောင်းခဲပြီး ဆောင့်ကြီးအောင့်ကြီးနဲ့ ထွက်သွားကြတဲ့အကြောင်း ဖြစ်တယ်။ နောက်တစ်ခုကတော့ သူ့ဆိုင်လာနေကျ မော်ဒယ်ဂဲလ်တွေနဲ့ တခြား အပျိုမတွေ အကြောင်းပါ။

mgyoe.com

mgyoe.com SAMPLE BOOK


**အရှက်ဆိုတာ နားမလည်တာလား**

ခုခေတ် အပျိုအရွယ် မိန်းကလေးတွေက ကမ္ဘာကျော် တင်းနစ်မယ်တွေ ဝတ်ကြတဲ့ တိုနန့်နန့်စကတ်တိုလေးတွေ ဝတ်ကြပါတယ်တဲ့။ ပြီးတော့ စကတ်အောက်က ပေါင်လည်လောက်ထိရောက်တဲ့ ဘောင်းဘီကျပ်ကျပ်ကို ဝတ်ဆင်ကြတယ်။ အဲဒီဘောင်းဘီကို ပါးပါးလှပ်လှပ်ကလေးတွေမှ ရွေးဝတ်ကြသတဲ့။ 'အရှက်ဆိုတာ သူတို့ လုံးလုံး နားမလည်တော့တာလား၊ နားလည်ပါလျက်နဲ့ ဂရုမစိုက်တာလား မပြောတတ်တော့ပါဘူး'လို့လည်း ညည်းပြော ပြောလိုက်ပါသေးတယ်။ ပြီးတော့ ဒီကိစ္စတွေ ရေးဖြစ်အောင်ရေးပါ ဆရာရယ်လို့လည်း တိုက်တွန်းသွားပါတယ်။

**ရင်ရှားနဲ့ပဲ နေတော့တယ်**

သူလို မိန်းကလေးတစ်ယောက်တောင် နားမလည်နိုင်တော့တဲ့ ကိစ္စမျိုးကို အသက် ၇၀ တန်း ရောက်နေပြီဖြစ်တဲ့ လူအိုကြီးတစ်ယောက်က ဘယ်လိုလုပ်ပြီး နားလည်မှာလဲ။ စာစောင်တွေထဲမှာ မြင်ရ၊ တွေ့ရတဲ့ ဝတ်စားဆင်ယင်ပုံတွေကို ကြည့်ပြီး ဟီရိုသြတပ္ပတရား ခေါင်းပါးလာကြတဲ့ အကြောင်းများကို ရေးခဲ့ဖူးပါတယ်။ ဒါပေမယ့် 'ဟောရင်းသာ ပျံတော်မူရလိမ့်မယ်'ဆိုတဲ့ စကားအတိုင်းပါပဲ။ ပေါ်တာ၊ ပါးတာတွေ၊ ဖော်တာ၊ ချွတ်တာတွေ ရေးရင်းရေးရင်းနဲ့ အခုဆို မိန်းကလေးတွေ အပေါ်ပိုင်းတစ်ခုလုံး ဗလာကျင်းပြီး ရင်ရှားနဲ့ပဲ နေကြတော့တယ်လေ။

**ကမ္ဘာလုံးဆိုင်ရာ ရေစီးကြောင်းကြီး**

တပည့်မ ပြောသလို အမေတွေကို ဖိထောင်းလည်း ထောင်းထောင်းရှိမှာပဲ။ ကောင်းသွားဖို့တော့ မမြင်ဘူး။ ဘာကြောင့်လဲဆိုတော့ အခုလို ဟီရိုသြတပ္ပတရား ခေါင်းပါးကုန်ကြရတဲ့ အကြောင်းရင်းက ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုချွတ်ခြုံကျခြင်း ရေစီးကြောင်းကြီးရဲ့ ရိုက်ခတ်မှု ဖြစ်နေလို့ပါပဲ။ ကမ္ဘာ့အနောက်ခြမ်းမှာ စတင် သန္ဓေတည်ခဲ့တဲ့ ငွေသာအဓိက စီးပွားရေးစနစ်ဆိုးကြီးက လူသားများ တန်ဖိုးထားခဲ့ကြတဲ့ စံနှုန်းမှန်သမျှကို အခြေခံကစပြီး ရိုက်ချိုးဖျက်ဆီးပစ်လိုက်တဲ့အတွက် လူ့အဖွဲ့အစည်း အသီးသီးဟာ 'ငွေသာလျှင်ကိုးကွယ်ရာ'လို့ သဘောထားတဲ့အဆင့်ထိရောက်အောင် ယုတ်လျော့ ကျဆင်းသွားခဲ့ကြတယ်။

**ဇနပုဒ် စိတ်ဓာတ်တဲ့လား**

ရှေးက လူ့တန်ဖိုးလို့ သတ်မှတ်ခဲ့ကြတဲ့ အသိဉာဏ်ပညာ မြင့်မားခြင်း၊

mgyoe.com

mgyoe.com SAMPLE BOOK



စိတ်သဘောထား ကြီးရင့်ခြင်း၊ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ ဟီရိဩတပ္ပ တရား စောင့်ထိန်းခြင်း၊ မေတ္တာ၊ စေတနာ ဖြူစင်သန့်ရှင်းခြင်း၊ ကရုဏာ ကြီးမားခြင်း၊ ကိုယ်ချင်းစာတရား လက်ကိုင်ထားခြင်းဆိုတဲ့ အရာတွေအားလုံး ဟာ ခုခေတ်မှာ နုံအခြင်း၊ မိုက်မဲခြင်း၊ ခေတ်နောက်ပြန်ဆွဲခြင်းလို့ ရှုမြင်ကြ တော့တယ်။ ဒီခေတ်က ဘာမဆို ကမ္ဘာနဲ့ချီ စဉ်းစားရတဲ့ 'ကမ္ဘာပြုမှုခေတ်' ဖြစ်နေပြီ။ ကျဉ်းမြောင်းတဲ့အမြင်၊ ဇနပုဒ် စိတ်ဓာတ်နဲ့ အနောက်ရယ် အရှေ့ ရယ် ခွဲခြားနေလို့ မဖြစ်တော့ဘူး။ နိုင်ငံတကာဆိုတဲ့စိတ် မွေးမြူကြရမယ်လို့ ကျယ်ကျယ်လောင်လောင် ပြောဆိုနေကြတယ်။

**ယဉ်ကျေးမှုပျက်တွေ**

တချို့ကျတော့လည်း ခေါင်းမွေးစုတ်ဖွားနဲ့၊ မုတ်ဆိတ်ကျင်စွယ် ထူလပျစ်နဲ့၊ ဂျင်းဘောင်းဘီ ဖွာလန်ကြဲ ဝတ်ကြတာမျိုးတွေနဲ့၊ အဖော်အချွတ်တွေနဲ့ စင်ပေါ် တက် လူလုံးပြတာမျိုးတွေ၊ ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက် အဖြစ် မျိုးတွေကို လက်ညှိုးထိုးပြပြီး အနောက်တိုင်း ယဉ်ကျေးမှုတွေပဲဆိုပြီး သိမ်းကျုံး ရှုတ်ချပစ်လိုက်ကြတယ်။ ဒါလည်း မမှန်ပါဘူး။ ဒါမျိုးတွေဟာ အနောက်တိုင်း ယဉ်ကျေးမှု မဟုတ်ပါဘူး။ ငွေသာပဓာန စနစ်ဆိုးကြောင့် ဘက်မပေါင်းစုံ ယိုယွင်း ပြီး ချွတ်ခြုံကျသွားတဲ့ အနောက်လူ့အဖွဲ့အစည်းရဲ့ 'ယဉ်ကျေးမှုပျက်'တွေသာ ဖြစ်ပါတယ်။

**ကလေးနဲ့အပျို ဆိုတာမျိုး**

ရှေးခေတ် ရှေးအခါသမယ လူတွေ ဒီလောက် 'ငွေရှူး'မရူးကြသေးခင် အချိန်က အနောက်တိုင်းသူတွေလည်း ဂါဝန်ရှည်ကြီးတွေ ခြေမျက်စိဖုံးအောင် ဝတ်ကြပါတယ်။ အတွင်းခံ ကိုယ်ကျပ်အင်္ကျီ(ကော့ဆက်)ဆိုရင်လည်း နောက် ကျောတစ်ပြင်လုံး ဘောကန်ဖိနပ်ကြိုးတွေလို ကြိုးအထပ်ထပ်နဲ့ ငှက်ပျောထုပ် ထုပ်သလို တင်းကျပ်နေအောင် စည်းထားကြရတာပါ။ အနေအထိုင်လော်လည် မိလို့ မဖုံးနိုင်၊ မဖိနိုင်အဖြစ်မျိုး ကြုံလာရင်တော့ အရှက်ကို အသက်နဲ့ လဲသွား ကြရပါတယ်။ အခုခေတ်လို (Single Mother) ကလေးနဲ့အပျို ဆိုတာမျိုး ဘယ်ရှိမှာလဲ။

**အတိုးတက်ဆုံး အပျက်စီးဆုံး**

ရှေးက အရှက်ဆိုတာ ထိန်းသိမ်းရမှန်း သိကြသလို ရက်စက်ကြမ်းကြုတ်မှု ဆိုတာလည်း ခုခေတ်လောက်တော့ ကြောက်စရာ မကောင်းသေးပါဘူး။ စစ်ဖြစ်လို့ တိုက်ကြ၊ ခိုက်ကြ၊ သေကြ၊ ကြေကြဆိုတာမျိုးကလွဲပြီး အခုခေတ်

mgyoe.com

mgyoe.com

SAMPLE BOOK

လို စာသင်ကျောင်းထဲဝင်ပြီး ကလေးတွေကို ပစ်သတ်တာမျိုး၊ စားသောက်ဆိုင်ထဲ၊ ဟိုတယ်ထဲဝင်ပြီး အသေခံ ဗုံးခွဲ တိုက်ခိုက်တာမျိုးတွေ မရှိပါဘူး။ မကြားဖူး၊ မမြင်ဖူး ပါဘူး။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက်ပိုင်း ခေတ်ဟာ နည်းပညာတွေ အထွန်းကားဆုံး၊ အတိုးတက်ဆုံး ခေတ်ကြီး ဖြစ်သလို လူသားများရဲ့ စိတ်ဓာတ်နဲ့ ယဉ်ကျေးမှုတွေ အပျက်စီးဆုံးခေတ်လို့လည်း သတ်မှတ်နိုင်လိမ့်မယ် ထင်ပါတယ်။

**ကလင်တန်ရဲ့ဖြစ်ရပ်**

စိတ်ဓာတ် ချွတ်ခြုံကျ ပျက်စီးမှု ဘယ်လောက်ထိ ကြီးမားဆိုးဝါးနေသလဲ ဆိုတဲ့ အချက်ကို အချက်နှစ်ချက်နဲ့ မီးမောင်း ထိုးပြလိုက်ပါမယ်။ ပထမတစ်ချက်ကတော့ သမ္မတ ကလင်တန်နဲ့ မော်နီကာလူဝင်စကီး အဖြစ်အပျက်ပါ။ သမ္မတရင့်မကြီးတစ်ယောက်က အိမ်ဖြူတော်မှာ လုပ်အားလာပေးနေတဲ့ သမီးအရွယ် ကျောင်းသူလေးကို မဖွယ်မရာပြုခဲ့ပါတယ်။ ဒီကိစ္စ ဖုံးမနိုင်၊ ဖိမရနဲ့ တိုင်းကျော်ပြည်ကျော် ကမ္ဘာကျော်ဖြစ်ပြီး ငြင်းကွယ်လို့ မရတဲ့အခါကျတော့ (ငြင်းတော့ ငြင်းပါသေးတယ်) ကလင်တန်က 'ဆောရီးပါ'ပြောပြီး သမ္မတကုလားထိုင်မှာ မျက်နှာပြောင်ပြောင်နဲ့ အထိုင်မပျက်ပါပဲ။ လင်ကွန်းတို့ခေတ်ကသာဆိုရင်တော့ ဒီကိစ္စမျိုးဟာ ကိုယ့်နားထင်ကိုယ် သေနတ်နဲ့ တေ့ပြီး မောင်းဖြုတ်ပစ်လိုက်ရမယ့် ကိစ္စအဖြစ် သဘောထားကြမှာပါ။

**ရှစ်လစံ ဝန်ကြီးချုပ်**

နောက်ကိစ္စတစ်ခုကတော့ မကြာမီက ရာထူးက နုတ်ထွက်သွားတဲ့ ဂျပန်ဝန်ကြီးချုပ် ဟာတိုယာမရဲ့ အဖြစ်ပါ။ ရာထူးမှာ ရှစ်လခွဲသာ တာဝန်ထမ်းဆောင်ရသေးပြီး လွှတ်တော်မှာ မဲရှုံးလို့လည်း မဟုတ်၊ အကျင့်ပျက် ခြစားမှုကြီးတွေ ပေါ်ထွက်လာလို့လည်း မဟုတ်ဘဲနဲ့ ရုတ်တရက် နုတ်ထွက်သွားခဲ့ပါတယ်။ လူထုဆန္ဒစစ်တမ်း ကောက်ယူမှုတွေမှာ သူ့ကို ထောက်ခံမှု ဒလဟောကျဆင်းသွားတဲ့အတွက် နုတ်ထွက်သွားခဲ့တာပါ။ နုတ်ထွက်မိန့်ခွန်း ပြောကြားရာမှာ အိုကီနာဝါကျွန်းပေါ်က အမေရိကန် ရေတပ်စခန်းကြီးကို ပိတ်သိမ်းပစ်မယ်လို့ မဲဆွယ်ကာလမှာ ကတိပေးခဲ့တဲ့အတိုင်း မဆောင်ရွက်နိုင်ခဲ့တဲ့အတွက် မဲဆန္ဒရှင်များကို တောင်းပန်ပါတယ်လို့ ပြောကြားသွားခဲ့ပါတယ်။

**ချီးကျူးလေးစားတယ်**

သူ နုတ်ထွက်တာကို ဂျပန်တစ်နိုင်ငံလုံးက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နဲ့ လက်ခံကြပါတယ်။ နုတ်ထွက်တာကို အပြစ်တင်သူ မရှိသလို ချီးကျူး

mgyoe.com

mgyoe.com SAMPLE BOOK 

သူလည်း မရှိပါဘူး။ နိုင်ငံရေးနဲ့ပတ်သက်ပြီး ဂျပန်လူမျိုးများကပဲ စိတ်ဝင်စားမှု မရှိတာလား၊ အရုက်တို့ ဂုဏ်သိက္ခာတို့၊ တာဝန်ယူမှုတို့နဲ့ ပတ်သက်ပြီး အလေးအနက် သဘောမထားကြတာလား ဆိုတာတော့ မတွေးတတ်ပါဘူး။ ကိုယ်တိုင်ကတော့ မစ္စတာဟာတိုယာမကို ချီးကျူးလေးစား သွားပါတယ်။

**တွယ်ကပ်နေနိုင်သေးတယ်**

မစ္စတာဟာတိုယာမကို လူကြိုက်များမှု ကျဆင်းသွားတာ မှန်တယ်။ အိုကီနာဝါကိစ္စနဲ့ ပတ်သက်ပြီး သူ့ကို မဲဆန္ဒရှင်တွေ မကျေနပ်ဖြစ်ကြတာလည်း မှန်တယ်။ ဒါပေမယ့် ထိုင်းဝန်ကြီးချုပ် အဘီဆစ်လို လူတွေ သိန်းချီ လမ်းပေါ်ထွက်ပြီး ရာထူးကဆင်းပေးဖို့ တောင်းဆိုခံရတာမျိုး မဖြစ်သေးဘူး။ လွှတ်တော်မှာ အယုံအကြည်မရှိ အဆိုတင်သွင်းတာလည်း မရှိသေးဘူး။ သူ့ပါတီတွင်း ပုန်ကန်ဆန့်ကျင်မှုမျိုးလည်း ကြီးကြီးမားမား မရှိသေးဘူး။ သူ့ရာထူးကို ဆက်လက်ဆုပ်ကိုင်ပြီး တွယ်ကပ်နေမယ်ဆိုရင် လအတော်ကြာအောင် နေလို့ရနိုင်သေးတဲ့ အခြေအနေမှာ ရှိပါတယ်။

**ထမင်းထုပ်သာ သိုးမယ်**

ဒါပေမယ့် မစ္စတာ ဟာတိုယာမက ကမ္ဘာကျော်တဲ့ ဂျပန်တို့ရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာကို အသက်နဲ့လဲ ကာကွယ်တဲ့ အစဉ်အလာကို ထိန်းတဲ့အနေနဲ့ သူ့သဘောနဲ့သူ ရာထူးက နုတ်ထွက်သွားခဲ့ပါတယ်။ ဒါကို ဂျပန်လူမျိုး အများစုက မသိကျိုးကျွန်ပြုနေခဲ့ကြပါတယ်။ ဒီခေတ် ကမ္ဘာကြီးတစ်ခုလုံးမှာ ဒီလို တာဝန်ယူစိတ်ရှိပြီး ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားသူမျိုး အင်မတန်မှကို တွေ့ရခဲလှပါတယ်။ မစ္စတာဟာတိုယာမအကြောင်း ဘာမှ သိပ်မသိပါဘူး။ သူ့ပေါ်လစီ မူဝါဒတွေကိုလည်း သိပ်မသိပါဘူး။ ဒါပေမယ့် တာဝန်ယူမှုစိတ်ဓာတ်နဲ့ အရှက်နဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့ စိတ်ဓာတ်ကိုတော့ အထူးလေးစားပါတယ်။ ဒီခေတ်မှာ အရှက်တို့၊ ဂုဏ်သိက္ခာတို့ကို တန်ဖိုးထားသူဆိုတာ ကမ္ဘာပတ်ပြီး လိုက်ရှာရင်တောင် ထမင်းထုပ်သာ သိုးမယ်၊ တွေ့လိမ့်မယ် မထင်ရတော့ဘူး မဟုတ်လား။

■

mgyoe.com

mgyoe.com SAMPLE BOOK

# နှစ်ငါးဆယ် စစ်တမ်း

မကြာမီရက်ပိုင်းက အသက် ၇၀ ပြည့်ပါတယ်။ စာနယ်ဇင်းသမားသက်လည်း ၅၀ ရှိခဲ့ပြီလို့ ဆိုရတော့မယ်။ အသက် ၇၀ ပြည့်သွားတဲ့ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်တော့ လွန်ခဲ့တဲ့ နှစ် ၅၀ ကလိုပဲ စာအုပ်ပုံတွေကြားက စားပွဲမှာ တကုပ်ကုပ်နဲ့ ထိုင်ပြီး စာရေးနေဆဲ ဖြစ်တာကို တွေ့ရတယ်။

**လက်ဝဲစာရေးဆရာတဲ့**

ဘေးပတ်ပတ်လည် မြင်ကွင်းအားလုံးလိုလိုဟာ ရှေးကနဲ့ ဘာမှ သိပ်မထူးခြားဘူး။ ရေနွေးကြမ်းဖန်ခွက်နဲ့ ရေနွေးကြမ်းဓာတ်ဘူး ဘေးမှာ ချထားတာလည်း တစ်ပုံစံတည်းပဲ။ စားပွဲမှာထိုင်နေတဲ့ လူကလွဲရင် ဘာမှ မပြောင်းလဲခဲ့သလို ထင်ရတယ်။ လူကတော့ ဘာဆိုဘာမှကို မဆိုင်တော့ဘူး။ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်တဲ့ဘက်ထိ ရောက်အောင် ပြောင်းလဲသွားတယ်။ ရှေးက ဖျတ်လတ်သွက်လက်တဲ့ လူငယ်နေရာမှာ ဘီးတပ်ကုလားထိုင်နဲ့ ရွေ့လျားနေရပြီး အောက်ဆီဂျင်စက် သွားလေရာပါတဲ့ အိုကြီးအိုမ ဒုက္ခိတကြီး တစ်ယောက် ရောက်ရှိနေတော့တယ်။ ဘယ်လောက်ထိ ဆန့်ကျင်ဘက်ကို ပြောင်းသွားသလဲဆိုရင် ရှေးက ညာလက်နဲ့ စာရေးရာက အခု ဘယ်လက်နဲ့ စာရေးတဲ့ထိတောင် ပြောင်းလဲသွားခဲ့တယ်။ ရင်းနှီးသူတွေက အသက်ကြီးမှ လက်ဝဲစာရေးဆရာ ဖြစ်သွားတဲ့သူဆိုပြီး နောက်ကြပြောင်ကြတယ်။

**လူတွေက စာရေးဆရာခေါ်ကြတာ**

ကိုယ့်ဟာကိုယ်တော့ သတင်းသမားလို့သာ သဘောထားပေမယ့် အခုတော့လည်း တစ်လကို ဆောင်းပါးပုဒ်ရေ ၇၀ ကျော်လောက် လစဉ် ရေးဖြစ်နေတာဆိုတော့ စာရေးဆရာလို့ လူတွေက ခေါ်ဝေါ်သတ်မှတ်နေကြတယ်။ အခေါ်အဝေါ်က အရေးကြီးတာမဟုတ်ဘူး၊ သဘောထားတာကြောင့် စာရေးဆရာခေါ်လည်း အခေါ် ခံလိုက်တာပါပဲ။ စာရေးဆရာဖြစ်ဖြစ်၊ သတင်းစာဆရာဖြစ်ဖြစ်၊ ကဗျာဆရာဖြစ်ဖြစ် သူ ဘာတွေရေးတာလဲဆိုတာကသာ အရေးကြီး

mgyoe.com

mgyoe.com SAMPLE BOOK 

တာ မဟုတ်လား။ တချို့ဆို ဂျာနယ်အလုပ်ကို တစ်သက်လုံးလုပ်ပြီး စာတွေ အများကြီးရေးနေပေမယ့် ဂျာနယ်လစ် အခေါ်ခံထိုက်တဲ့အဆင့် ရောက်မလာ ခဲ့ပါဘူး။ အရည်မရ အဖတ်မရ ပေါက်ပန်းဈေး အင်တာဗျူးတွေနဲ့ စီးပွားရေး ကြော်ငြာတွေလောက်ပဲ ရေးနေကြသူတွေကို စာဖတ်ပရိသတ်က ဂျာနယ်လစ်လို့ ဘယ်တော့မှ မသတ်မှတ်ပါဘူး။ ကိုယ့်ဟာကိုယ် ဂျာနယ်လစ်၊ ဂျာနယ်လစ်လို့ ကုန်းအော်နေလည်း လူတောသူတောတော့ မတိုးနိုင်ပါဘူး။

**ယုံချင်ယောင် မဆောင်ဖူးခဲ့**

အသက် ၇၀ ထိ တစ်နေ့ကို နှစ်ပုဒ်နှုန်း၊ တချို့ရက်တွေ သုံးပုဒ်နှုန်း စာတွေ ရေးနေနိုင်တော့ ကိုယ့်ဟာကိုယ် ကျေနပ်နေသလားလို့ ပြန်ဆန်းစစ်ကြည့် လိုက်တော့ ကျေနပ်မှုက နည်းနည်းလေး။ ဆယ်ရာနှုန်းလောက်ရှိပြီး မကျေနပ်မှု က များများ။ ကိုးဆယ်ရာနှုန်းလောက် ရှိလိမ့်မယ်လို့ မှန်းဆမိတယ်။ ကျေနပ်မှု ဆယ်ရာနှုန်းထဲမှာ ပါတာကတော့ နှစ်ပေါင်း ၅၀ လောက် ပရော်ဖက်ရှင်နယ် တစ်ယောက်အဖြစ် စာတွေ ရေးလာခဲ့ရာမှာ လူငယ်လူရွယ်တွေအတွက် အဆိပ် အတောက်ဖြစ်စေမယ့်စာမျိုး တစ်ပုဒ်တလေမှ မရေးခဲ့ဖူးကြောင်း ကိုယ့်ဟာကိုယ် ယုံကြည်စိတ်ချတာ၊ နာမည်ကြီးဖို့နဲ့ ပိုက်ဆံရဖို့အတွက်သက်သက် ဘယ်ခေတ် ဘယ်အခါကမှ မရေးခဲ့ဖူးတာ၊ မယုံကြည်တာကို ယုံချင်ယောင်ဆောင်ပြီး နေရာကောင်းရအောင် ဘယ်တုန်းကမှ မလုပ်ဖူးတာ၊ မမှန်တာကို မမှန်မှန်းသိသိနဲ့ မျက်နှာသာပေးခံရဖို့အတွက် အမှန်လို့မရေးခဲ့ဖူးတာ စတဲ့အချက်တွေဖြစ်တယ်။

**တော်ပီဒိုပစ် ငါးဖမ်း**

ကိုယ့်ကိုယ်ကိုယ် မကျေနပ်တဲ့ ကိုးဆယ်ရာနှုန်းထဲမှာ ထိပ်ဆုံးက ပါတာ ကတော့ ရေကန်သေးသေးလေးထဲမှာ တော်ပီဒိုကြီးဖောက်ခွဲပြီး ငါးဖမ်းသလို အချိန်ဖြုန်းနေရတဲ့ကိစ္စတွေ ဖြစ်တယ်။ ခဏခဏရေးနေတဲ့ လူငယ်အကြောင်း ဆောင်းပါးတွေဆိုပါစို့။ လူငယ်တွေ ခိုလိုညည်းတဲ့အကြောင်း၊ အားမာန် မရှိတဲ့အကြောင်း၊ သင်တန်းတကာ လည်တက်၊ အောင်လက်မှတ်တွေ စုတာ လောက်သာ အလေးထားပြီး ဘာတစ်ခုမှ လုပ်စားကိုင်စားလောက်အောင် ဟုတ်တိပတ်တိ မတတ်တဲ့အကြောင်း၊ နေရာတကာ အားကိုးရှာလွန်းတဲ့ အကြောင်း စတဲ့အားနည်းချက်တွေကို ဖောင်းပေးရေးတာမျိုးတွေသာ များခဲ့တယ်။ မှားသလားဆိုတော့ မမှားဘူး။ ဒါပေမယ့် အပြည့်အဝ မှန်တယ်လို့တော့ မဆို နိုင်ဘူး။ ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ သူများယောင်တိုင်း လိုက်ယောင်တဲ့ လူငယ်တွေ ရှိသလို၊ မယောင်တဲ့လူငယ်တွေလည်း အများကြီး ရှိတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


**မျက်စိမမြင်ပေမယ့် မဟာဘွဲ့ယူ**

တချို့လူငယ်တွေဆို လက်နှစ်ဖက် မပါတာတောင် ခြေထောက်နဲ့စာရေးပြီး ဆယ်တန်းအောင်အောင် ဖြေတယ်။ ဘွဲ့ရအောင် လုပ်တယ်။ တချို့က မျက်စိမမြင်ပေမယ့် မဟာဘွဲ့ရအောင် ယူနိုင်တယ်။ တချို့က ဘယ်သူ့မှ အားမကိုးဘဲ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်လမ်းကိုယ်ဖောက် ရဲရဲလျှောက်တယ်။ အဲဒီလို လူငယ်တွေအကြောင်း များများရေးသင့်ပါလျက်နဲ့ မရေးနိုင်ခဲ့ဘူး။ ဒါ့အပြင် မော်ဒယ်မိန်းကလေးတချို့ ဝတ်စားဆင်ယင်ပုံ မဖွယ်မရာဖြစ်တာနဲ့ ဖျော်ဖြေရေးနယ်ပယ်က လူငယ်တချို့ ဟီရိုသြတပွတရား လျှော့ရိလျှော့ရဲ ဖြစ်လာတာတွေကို မီးမောင်းထိုးပြပြီး မကြာခဏ ရေးခဲ့တယ်။ ကိုရီးယားကားတွေကို လက်ညှိုးထိုး အပြစ်ပုံချတာတွေလည်း ရေးခဲ့တယ်။

**သစ်ကိုင်းခုတ်တဲ့သူလို**

စာနယ်ဇင်းတွေအကြောင်း ရေးတော့လည်း ကံစမ်းမဲနှိုက်တာ၊ ဖိတ်စာလိုက်ဖိတ်ပေးတာ၊ မင်းသမီး မီးနေခန်းစောင့်ပေးတာ စတဲ့ ကိစ္စမျိုးတွေလောက်ကိုသာ ရေးကြီးခွင့်ကျယ်လုပ်ပြီး ဝေဖန်နေခဲ့တာကိုပဲ တာဝန်ကျေလှပြီ ထင်နေခဲ့တယ်။ စတုတ္ထမဏ္ဍိုင်ကြွခိုင်ရေးလို့ အောက်မေ့နေခဲ့တယ်။ တကယ်တော့ ဒီအကြောင်းတွေနဲ့ ဒီလူတွေကို အချိန်ကုန်ခံပြီး ရေးစရာလား။ စတုတ္ထမဏ္ဍိုင်နဲ့ ဒီလူစားတွေ ဘာဆိုင်လို့လဲ။ သက်သက်မဲ့ အချိန်ကုန်ခံနေတာပဲ မဟုတ်ဘူးလား။ ဘာနဲ့တူနေသလဲဆိုတော့ နှင်းဆီပင်တွေ လောင်းရိပ်မိလို့ဆိုပြီး အပေါ်က မိုးနေတဲ့ သစ်ပင်ကြီးက အကိုင်းအခက်တွေ တက်တက်ပြီး ခုတ်နေတဲ့လူလို ဖြစ်နေတယ်။ အကိုင်းအခက်တွေ ခုတ်ချလိုက်၊ တော်ကြာ ပြန်ထွက်လာလိုက်၊ ပြန်တက်ခုတ်လိုက်၊ ပြန်ထွက်လာလိုက်နဲ့ အကြိမ်ကြိမ် အထပ်ထပ် သံသရာလည်နေပြီး နောက်ဆုံးကျတော့ နှင်းဆီပင်တွေ အပွင့်မပွင့်နိုင်တာပဲ အဖတ်တင်နေတော့တယ်။

**အမြစ်ရှိနေရင် ကိုင်းထွက်မှာပဲ**

ပန်းတွေ ပွင့်စေချင်ရင် လောင်းရိပ်ကို လုံးဝဖယ်ရှားပစ်ရမှာ မဟုတ်လား။ အကိုင်းတွေ လိုက်ခုတ်နေရုံနဲ့ ဘယ်ရမှာလဲ။ သစ်ပင်ဆိုတာ အမြစ်ရှိနေသရွေ့ အကိုင်းအခက် အရွက်တွေ ထွက်လာမှာပဲ။ ဖျော်ဖြေရေး လောကသားတွေ လျှပ်ပေါ်လော်လည်တာတို့၊ ကိုရီးယားကားတို့ ဆိုတာတွေက တကယ်တော့ အကိုင်းအခက်တွေပဲ။ ဘယ်လောက်ခုတ်ခုတ် အချိန်တန်တော့ ပြန်ထွက်လာမှာပဲ။ နိုင်ငံခြားဇာတ်လမ်းတွဲတွေ စပြီး ခေတ်စားတုန်းက တရုတ်သိုင်း

mgyoe.com

mgyoe.com SAMPLE BOOK


ကားတွေ ဖြစ်တယ်။ ကိုရီးယားကားတွေ မဟုတ်သေးဘူး။ သိုင်းကားတွေကို ဝိုင်းပြီး ဝေဖန်ကြ၊ ရေးကြသားကြတော့မှ ကိုရီးယားကားတွေ အစားဝင်လာတာ။ ကိုရီးယားကားတွေလည်း ဝိုင်းပြောလွန်းရင် ပျောက်သွားဦးမှာပါ။ အဲဒီနေရာကို ယိုးဒယားသရဲကားတွေနဲ့ မလေးရှားစုန်းကားတွေ ဝင်ပြီးယှူချင်ယှူကြဦးမှာပါပဲ။

**ကောင်းရင် ကြိုက်တာ လူ့သဘာဝ**

ကြည့်ကောင်းရင် ကြည့်ချင်တယ်။ ကောင်းရင် ကြိုက်တယ်။ ဒါ လူ့သဘာဝပဲ။ ကိုရီးယားကား စွဲတဲ့လူတွေကို အပြစ်မတင်နဲ့။ ကိုရီးယားကားတွေကိုလည်း လက်ညှိုးထိုး တရားခံမလုပ်နဲ့။ ပရိသတ် စွဲစေနိုင်လောက်တဲ့ မြန်မာရုပ်ရှင်ဇာတ်ကားတွေ ပေးနိုင်ရင် ဘယ်သူက ကိုရီးယားကားကြည့်မှာလဲ။ အရုပ်ကြည့်လိုက် စာဖတ်လိုက်နဲ့ မျက်စိတောင် ညောင်းသေးတယ်။ ပြဿနာက လူကြိုက်လောက် စွဲလောက်တဲ့ မြန်မာရုပ်ရှင်ကားတွေ မပေးနိုင်တာပဲ။ အဲဒါ ဘာကြောင့် ဖြစ်ရတာလဲဆိုတဲ့ အဖြေကိုသာ ဝိုင်းဝန်းရှာသင့်ကြတယ်။

**အကျိုးအကြောင်း အဆိုးအကောင်း**

သတင်းသမားတို့၊ ဂျာနယ်လစ်တို့ဆိုတာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အနုပညာနဲ့ ယဉ်ကျေးမှုရေး စတဲ့ အရေးကိစ္စမှန်သမျှကို ရှာဖွေရေးသား ဆန်းစစ်ဝေဖန် ပိုင်းခြားသုံးသပ်တဲ့ အလုပ်တွေကို အမြဲမပြတ် လုပ်နေရသူတွေ ဖြစ်တယ်။ အကျိုးနဲ့ အကြောင်း၊ အဆိုးနဲ့ အကောင်းကို ဆက်စပ်ပြီးထောက်ပြ လမ်းမှန်လုပ်ပေးရမှာ ဖြစ်တယ်။ အခုတော့ ကိုယ်ကိုယ်တိုင်က အကိုင်းအခက်တွေကိုပဲ တက်တက်ချိုင်ပြနေခဲ့တာ မဟုတ်လား။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် မကျေနပ်တာ၊ အားမရတာက ကိုးဆယ်ရာနှုန်းလို့ ပြောခဲ့တာပေါ့။ အတင်းအဖျင်းရေးသူတွေနဲ့ လျှပ်ပေါ်လော်လည်တဲ့ မော်ဒယ်လေးတွေကိုချည်း ဖိရေးနေတာနဲ့ပဲ အချိန်တွေ အလကား ဖြုန်းပစ်နေခဲ့တယ်။ 'နှံပြည်စုတ် အမြောက်နဲ့ချိန်' ဆိုတဲ့ စကားထက်တောင် ပိုဆိုးပြီး ရေကန်ငယ်ထဲက ငါးကို တော်ပီဒိုကြီးပစ်ဖောက်ပြီး ဖမ်းသလို ဖြစ်နေသလားလို့တောင် ထင်နေမိပါတယ်။

■

mgyoe.com